(ဈ) စက်သုံးဆီသိုလှောင်ကန်စခန်းများရှိ သိုလှောင်ထားရှိသည့်ပမာဏကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ နေ့စဉ်တင်ပြရန်နှင့် သိုလှောင်ထားရှိမှုများကို အခါအားလျော်စွာ စစ်ဆေးဆောင်ရွက်ရန်၊

(ည) စက်သုံးဆီတင်သွင်းမှု၊ ဖြန့်ဖြူးမှု၊ သိုလှောင်မှု၊ ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းစဉ်တစ်လျှောက်တွင် ဈေးကစားလိုသည့် လုပ်ဆောင်မှုများနှင့် မသမာသော ရည်ရွယ်ချက်ဖြင့် ရောနှောရောင်းချမှုများ ရှိလာပါက အရေးယူနိုင်ရေး Traceability Record ထား၍ ကြီးကြပ်သွားရန်။

ဒေါက်တာ ပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

အမှတ် ၆။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) ဆုံးဖြတ်ချက်အရ ကယားပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာသံလွင်အောင် (ဆမ-၁၉၁၃၉) MPH အား လစာနှုန်းတူ ကယားပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးအဖြစ် ခန့်ထားလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ချင်းပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးမှ ကိုယ်ပိုင်အမှတ် ဆ/၁၇၃၉၊ ညွှန်ကြားရေးမှူး ဦးတင်ဝင်း အား (၁၁-၄-၂၀၂၂) ရက်နေ့မှ (၁၀-၈-၂၀၂၂) ရက်နေ့အထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်နှင့် အငြိမ်းစားယူခွင့်ပြုသည့် (၁၁-၃-၂၀၂၂) ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၂၂) ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၃၀-၃-၂၀၂၂) ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂) ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၀၊ ၂၃၃ (က) တို့အရ ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၇၁/၂၀၂၂)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) (တာဝန်) ထမ်းဆောင်နေသော ကိုယ်ပိုင်အမှတ် ဆ/၁၀၁၉၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးဇော်ဝင်းမြင့် အား ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၂) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်းတူ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ရာထူးနေရာ၌ တာဝန်ထမ်းဆောင်စေလိုက်သည်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၂၀၂၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) နှင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) နှင့် လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့် ဦးစီးမှူး/ လူမှုဝန်ထမ်း-၁ (မူကြို)/ဌာနစိတ်မှူး/ လူမှုဝန်ထမ်း-၂ (ဌာနငယ်/သင်တန်းကျောင်း)/ စာရင်းကိုင်-၂ ရာထူးနေရာများမှ အမှုထမ်း (၂၆) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ပေးအပ်မည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်ပပဝင်း | ဦးစီးမှူး<br>ပြည်ခရိုင်လူမှုဝန်ထမ်းရုံး<br>ပြည်မြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| (ခ) | ဒေါ်သီသီအေး | ဦးစီးမှူး<br>မြိတ်ခရိုင်လူမှုဝန်ထမ်းရုံး<br>မြိတ်မြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| (ဂ) | ဒေါ်ထားထားဦး | ဦးစီးမှူး<br>အနောက်ပိုင်းခရိုင်လူမှုဝန်ထမ်းရုံး<br>ရန်ကုန်မြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ပေးအပ်မည့် ရာထူး၊ ဌာန |
|---|---|---|---|
| (ဃ) | ဦးကျော်သူ | ဦးစီးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>လူမှုဝန်ထမ်းရုံး၊ မန္တလေးမြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( င ) | ဦးဝေယံအောင် | ဦးစီးမှူး<br>တောင်ငူခရိုင်လူမှုဝန်ထမ်းရုံး<br>တောင်ငူမြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( စ ) | ဒေါ်မေဆုကျော် | ဦးစီးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>လူမှုဝန်ထမ်းရုံး၊ မန္တလေးမြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| (ဆ) | ဒေါ်ဆွေဆွေမြင့် | ဦးစီးမှူး<br>ကျောက်မဲခရိုင်လူမှုဝန်ထမ်းရုံး<br>ကျောက်မဲမြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( ဇ ) | ဒေါ်ခင်စော | ဦးစီးမှူး<br>မြောက်ဦးခရိုင်လူမှုဝန်ထမ်းရုံး<br>မြောက်ဦးမြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| (ဈ) | ဒေါ်နိတ်ကိမ်းလျန် | လူမှုဝန်ထမ်း (၁)<br>မူလတန်းကြိုကျောင်း<br>တီးတိန်မြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| (ည) | ဒေါ်မင်းမင်းဆန်း | လူမှုဝန်ထမ်း (၁)<br>အမှတ် (၄) မူလတန်းကြိုကျောင်း<br>ရန်ကုန်မြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( ဋ ) | ဒေါ်စန်းစန်းလှိုင် | လူမှုဝန်ထမ်း (၁)<br>အမှတ် (၅) မူလတန်းကြိုကျောင်း<br>ရန်ကုန်မြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( ဌ ) | ဒေါ်သီတာလွင် | လူမှုဝန်ထမ်း (၁)<br>အမှတ် (၃) မူလတန်းကြိုကျောင်း<br>ရန်ကုန်မြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( ဍ ) | ဒေါ်ကြည်ကြည်ဆွေ | လူမှုဝန်ထမ်း (၁)<br>မူလတန်းကြိုကျောင်း<br>ပုသိမ်မြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( ဎ ) | ဒေါ်ခင်မိုးဖြူ | လူမှုဝန်ထမ်း (၁)<br>မူလတန်းကြိုကျောင်း<br>ရွှေဘိုမြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| (ဏ) | ဒေါ်စန်းစန်းနွယ် | လူမှုဝန်ထမ်း (၁)<br>မူလတန်းကြိုကျောင်း<br>မုံရွာမြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ပေးအပ်မည့် ရာထူး၊ ဌာန |
|---|---|---|---|
| (တ) | ဦးဝင်းမြင့်ဦး | စာရင်းကိုင် (၂)<br>ရသုံးမှန်းခြေငွေစာရင်းဌာနစု<br>ရုံးချုပ်၊ နေပြည်တော် | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| (ထ) | ဒေါ်ရည်မွန်အေး | စာရင်းကိုင် (၂)<br>ဦးစီးစာရင်းပြုဌာနစု၊ ရုံးချုပ်<br>နေပြည်တော် (ရသုံးမှန်းခြေ<br>ငွေစာရင်းဌာနစုတွဲဖက်) | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( ဒ ) | ဦးဇော်မျိုးလင်း | ဌာနစိတ်မှူး<br>MCCT ဌာနစု၊ ရုံးချုပ်<br>နေပြည်တော် | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( ဓ ) | ဒေါ်သဲသဲနိုင် | ဌာနစိတ်မှူး<br>ပစ္စည်းဌာနစု၊ ရုံးချုပ်<br>နေပြည်တော်<br>(ဝန်ထမ်းရေးရာဌာနစုတွဲဖက်) | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( န ) | ဒေါ်လဲ့လဲ့စိမ်း | ဌာနစိတ်မှူး<br>ပြည်တွင်းသတင်းဌာနစု၊ ရုံးချုပ်<br>နေပြည်တော် | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( ပ ) | ဒေါ်ငွေဇင်သန့် | ဌာနစိတ်မှူး<br>ပြင်ဆင်ထိန်းသိမ်းရေးဌာနစု<br>ရုံးချုပ်၊ နေပြည်တော် | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( ဖ ) | ဦးငြိမ်းချမ်းအေး | ဌာနစိတ်မှူး<br>ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး<br>ဘားအံမြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( ဗ ) | ဦးသန်းထွန်းဦး | ဌာနစိတ်မှူး<br>ရခိုင်ပြည်နယ်လူမှုဝန်ထမ်းရုံး<br>စစ်တွေမြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| (ဘ) | ဒေါ်သက်သက်ကျော် | ဌာနစိတ်မှူး<br>ပခုက္ကူခရိုင်လူမှုဝန်ထမ်းရုံး<br>ပခုက္ကူမြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ( မ ) | ဒေါ်သိန်းသိန်းအေး | လူမှုဝန်ထမ်း (၂)<br>ကလေးပြုစုရေးဌာန<br>မန္တလေးမြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |
| (ယ) | ဒေါ်လဲ့လဲ့မိုး | လူမှုဝန်ထမ်း (၂)<br>အမျိုးသမီးကလေးများ<br>သင်တန်းကျောင်း၊ ရန်ကုန်မြို့ | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၃ ရက်)

၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ၏ အတည်ပြုချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အီးအေ (၁/၂) အရာရှိ (၃) ဦးအား ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အောက်ပါ ယှဉ်တွဲဖော်ပြပါရာထူးနေရာများတွင် ၂၀၂၂ ခုနှစ်၊ မေလ ၃ ရက်နေ့မှစ၍ တာဝန်ချထားလိုက်သည်-

| စဉ် | ကိုယ်ပိုင်အမှတ် | အဆင့် | အမည် | ခန့်အပ်မည့်ရာထူး၊ ဌာန |
|---|---|---|---|---|
| (၁) | ကြည်း ၃၈၂၆၀ | ဗိုလ်မှူး | ထွန်းလင်းအောင် | လက်ထောက်ညွှန်ကြားရေးမှူး<br>E-Government ဌာနခွဲ<br>ဝန်ကြီးရုံး |
| (၂) | ကြည်း ၄၀၉၇၆ | ဗိုလ်ကြီး | သူရိန်အောင် | ဦးစီးအရာရှိ<br>အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံး<br>ရန်ကုန်တိုင်းဒေသကြီး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံ<br>ခန့်ခွဲမှုဦးစီးဌာန |
| (၃) | ကြည်း ၅၅၉၀၄ | ဗိုလ်ကြီး | အောင်သူကိုကို | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန |

ဒေါက်တာ သက်သက်ခိုင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၇ ရက်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့မှ

အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၄) ဦးတို့အား လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမျိုးဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| (ခ) | ဒေါ်အေးမြသိန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ပြည်ထောင်စုဝန်ကြီးရုံး | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုဝန်ကြီးရုံး |
| (ဂ) | ဦးစိုးမြင့်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| (ဃ) | ဦးဇော်စိုး<br>ဒုတိယညွှန်ကြားရေးမှူး<br>ပြည်ထောင်စုဝန်ကြီးရုံး | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုဝန်ကြီးရုံး |

စောထွန်းအောင်မြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

### အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါ်စီစီချိန်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ရုံးအဖွဲ့ | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါ်သန္တာလေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဂ) | ဒေါ်ခင်ခင်သီ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေး/နည်းပညာဖွံ့ဖြိုးရေး | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ခင်လပြည့်အေး<br>ညွှန်ကြားရေးမှူး<br>ရုံးအဖွဲ့ (ပြည်တွင်း/ပြည်ပ) | အဖွဲ့ဝင် |
| (င) | ဒေါ်မြဇင်<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၁၊ PA Unit<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်မြတ်ဖြူပြာကြည်<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၂၊ ၃<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါ်သန္တာဖြူအေး<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၄၊ ၅<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ခင်လင်းရီ<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၆၊ ၇<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်တင်တင်ငြိမ်း<br>ညွှန်ကြားရေးမှူး<br>စီမံရေးရာလေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်ကေသီစိန်<br>ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံစာရင်းကောင်စီရုံး | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ငွေးညွှန့်နွယ်<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (ဌ) | ဒေါ်အေးအေးမာ<br>ညွှန်ကြားရေးမှူး<br>ရုံးအဖွဲ့ (ဦးစီးရုံး) | အတွင်းရေးမှူး |

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုများကို ကြိုတင်ဆန်းစစ်လေ့လာခြင်း၊

(ခ) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ သင်ကြားပို့ချခြင်း၊ ကြိုတင်တားဆီးရေးများ ဆောင်ရွက်ခြင်း၊

(ဂ) အဂတိလိုက်စားမှုပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(င) အဖွဲ့၏ဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့ လစဉ်အစီရင်ခံစာ တင်ပြခြင်း။

၃။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာ (၁၄/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေ ၂၃၀၊ ၂၃၃ (က) နှင့် စပ်လျဉ်းသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂) ပါ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဦးမောင်ချို၊ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) မှ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒပြုသဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုပြီး ၎င်းအား သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၂) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ မောင်မောင်နိုင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကချင်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဦးလွမ်းဟောင်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) အား ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှစ၍ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၂)**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်နှင်းနှင်းထက် (ဒုတိယဦးစီးမှူး) အား ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

ခက်ထိန်နန်
ပြည်နယ်ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရုံးအမိန့်အမှတ် (၆/၂၀၂၂)**

မကွေးမြို့၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၇ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄၀/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာ မှုခင်းများတရားစီရင်ရေး အထောက်အကူပြုအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်အရ **မကွေးတိုင်းဒေသကြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးသန်းဆွေဝင်း | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ရဲမှူးကြီး ယုနိုင် | ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးမင်းစိုး | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးအကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးသောင်းထွေး | တိုင်းဒေသကြီးတရားရေးဦးစီးမှူး<br>တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ( င ) | ဦးဝင်းနိုင် | တိုင်းဒေသကြီးဥပဒေအရာရှိ<br>တိုင်းဒေသကြီးဥပဒေရုံး | အဖွဲ့ဝင် |
| ( စ ) | ဦးညီညီဇော် | ဒုတိယတိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဆိုင်ရာ | အဖွဲ့ဝင် |
| (ဆ) | ဦးစိုးထွန်းဦး | တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိ<br>တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်<br>အဖွဲ့ခွဲရုံး | အဖွဲ့ဝင် |

၂။ မကွေးတိုင်းဒေသကြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် တရားရုံးများတွင် စစ်ဆေးဆဲဖြစ်သည့် ပြစ်မှုဆိုင်ရာမှုခင်းများကို တရားမျှတမှုရှိစွာဖြင့် မှန်မှန်နှင့် မြန်မြန် ဆောင်ရွက်နိုင်ရေး မိမိတို့၏ ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲ သို့မဟုတ် အားနည်းချက်တစ်စုံတစ်ရာရှိပါက ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင်အချင်းချင်းချိတ်ဆက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှုခင်းများမှန်ကန်၊ မြန်ဆန်စွာ ပြီးပြတ်အောင် ဆောင်ရွက်ရန်ဖြစ်သည်။

၃။ မကွေးတိုင်းဒေသကြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တရားရုံးများ ရုံးချိန်အတွင်း အပြည့်အဝရုံးထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊

( ခ ) တရားရုံးအဖွဲ့အစည်းများ တရားစွဲတင်ရာတွင် အမှုနှင့်ပတ်သက်သည့် သက်သေခံအထောက်အထားများ၊ သက်သေခံပစ္စည်းများ ပြည့်စုံစွာ တင်ပြစေရန်ကြပ်မတ်ခြင်း၊

( ဂ ) တရားရုံးက ဆင့်ဆိုသည့်သက်သေများ ရုံးချိန်းရက်တွင် သက်သေများစုံလင်စွာ လာရောက်ထွက်ဆိုနိုင်ရေးအတွက် သမ္မန်စာများ စနစ်တကျဆင့်ဆို အတည်ပြုဆောင်ရွက်ရန် ကြပ်မတ်ခြင်း၊

(ဃ) တရားရုံးကထုတ်ဆင့်သည့် လူဖမ်းဝရမ်းများ၊ ပစ္စည်းရှာဝရမ်းများ၊ ပစ္စည်းသိမ်းဝရမ်းများကို စနစ်တကျ အတည်ပြုပြီး သတ်မှတ်ရက်တွင် တရားရုံးသို့ တင်ပို့ရန် ကြပ်မတ်ခြင်း၊

( င ) အချုပ်တရားခံများ အချိန်မီ ရုံးရှေ့တင်ပို့ရန် ကြပ်မတ်ခြင်း၊

( စ ) စစ်ဆေးဆဲအမှုနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်သည့်သဘောသက်ရောက်သော ဆောင်ရွက်မှုမျိုးမရှိစေရေး သတိပြုဆောင်ရွက်ရန်နှင့် တရားရုံး၏စစ်ဆေးစီရင်ခြင်းကို မထိခိုက်စေဘဲ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများတွင် အခက်အခဲများ ဖြစ်ပေါ်လာပါက ပေါင်းစပ်ညှိနှိုင်း၍ မှန်ကန်မြန်ဆန်အောင် ဆောင်ရွက် ပေးခြင်း၊

( ဇ ) မကွေးတိုင်းဒေသကြီးတရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးအား နှစ်ပတ်တစ်ကြိမ်ကျင်းပပြုလုပ်ခြင်း၊

( ဈ ) မကွေးတိုင်းဒေသကြီးအဆင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရာ၌ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များရှိပါက တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်ပေးခြင်း။

၄။ မကွေးတိုင်းဒေသကြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအား နှစ်ပတ်တစ်ကြိမ် တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့သို့ တင်ပြရမည်။

၅။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်စွဲပါ ရုံးအမိန့်အမှတ် ၆၁/၂၀၂၁ အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင့်လွင်
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မွန်ပြည်နယ်အစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်)

၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၂) အရ မွန်ပြည်နယ်အစိုးရအဖွဲ့ကွပ်ကဲမှုအောက်ရှိ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံးမှ တာဝန်ထမ်းဆောင်လျက်ရှိသည့် စာရင်းကိုင်အဆင့်-၂ ဒေါ်ဝင်းအိအိဖြူ အားတာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ဇော်လင်းထွန်း
ပြည်နယ်ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့

**အမိန့်အမှတ် (၂၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

### ရာထူးတိုးမြှင့်ခန့်ထားခြင်း

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်မှုအောက်ရှိ ရခိုင်ပြည်နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးမှ ဦးဇော်ဇော်အောင်၊ ဒုတိယဦးစီးမှူးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရည်ညွှန်းစာပါ သဘောတူညီချက်အရ၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှစ၍ ရခိုင်ပြည်နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ပြည်နယ်ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနမှ ဦးတင်မောင်ထိုက် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခြင်း၊ အငြိမ်းစားယူခြင်းတို့နှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် စီမံ/ ၅၃/၂၀၂၂ ဖြင့် သက်ပြည့်အငြိမ်းစား ယူခွင့်ပြုခဲ့ပါသည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂) ဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် စီမံ/၅၃/၂၀၂၂ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၂) တွင် ပါရှိသော လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ လုပ်ငန်းများအဆင်ပြေ၊ ချောမွေ့၊ လွယ်ကူစေရန်နှင့် ပိုမိုထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တင်ဒါကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| ( ခ ) | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာန | အဖွဲ့ဝင် |

( ဇ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန

( ဈ ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) တင်ဒါကော်မတီသည် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီဖြစ်သောကော်မတီ (၃) ခုအား ဖွဲ့စည်းတာဝန်ပေးအပ်၍ ကြီးကြပ်ကွပ်ကဲရမည်။

( ခ ) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း ဆောင်ရွက်ရမည်။

( ဂ ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ စာချုပ်ပုံစံများသတ်မှတ်ခြင်း ဆောင်ရွက်ရမည်။

(ဃ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်း သတ်မှတ်ရမည်။

( င ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကနဦးထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ဆောင်ရွက်ရမည်။

( စ ) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ရမည်။

(ဆ) သတင်းစာတွင် ထည့်သွင်းကြော်ငြာနိုင်ရေးအတွက် အတည်ပြုချက်ရယူခြင်း၊ ထည့်သွင်းကြော်ငြာခြင်းများအား တာဝန်ယူဆောင်ရွက်ရမည်။

( ဇ ) တင်ဒါတင်သွင်းရမည့်အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်းထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ရမည်။

(ဈ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီကို တာဝန်ပေးအပ်ရမည်။

(ည) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံရမည်။

( ဋ ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း ဆောင်ရွက်ရမည်။

( ဌ ) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ရမည်။

( ဍ ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်းသတ်မှတ်ပေးရမည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၂၁ အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သန်းညွှန့်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်-၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် (၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

### အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဖွဲ့စည်းပုံတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာများသို့ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူးများအား ယင်းတို့နှင့် ယှဉ်တွဲပါ ဌာနကြီးများတွင် ၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ဌာနကြီး |
|---|---|---|
| (၁) | ဦးမြတ်မင်း | အိမ်တော်များဌာနကြီး |
| (၂) | ဦးစိန်လှိုင် | စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး |

### အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ပြည်ထောင်စုဝန်ကြီးရုံးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းအား ၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ခင်လတ်
အမြဲတမ်းအတွင်းဝန်

## စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

အမှတ် ၇၄/၂၀၂၂။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၂ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၃၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

သူရိန် ကြည်း ၇၈၅၂၃

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်)

ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ သီပေါမြို့၊ မြန်မာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၁/မြန်မာရပ်)၊ ဦးပိုင်အမှတ် (၁၂) ရှိ **မြေဧရိယာ ၁.၇၆၉ ဧက** အား **ကုသိနာရုံဓမ္မသုခသီလရှင်စာသင်တိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန်ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၅/၂၀၂၂)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ အမှတ် (၁၀) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၂)၊ မြေကွက်အမှတ် (၇၆၅) ရှိ **မြေဧရိယာ ၀.၈၂၆ ဧက** အား **အောင်မင်္ဂလာကျောင်းဝိုင်း၊ မဟာသန္တာအေးကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၂)

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ စွန်တကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၈၁) ရှိ **မြေဧရိယာ ၂.၈၉ ဧက** အား **ဝေဠုဝန်မဟာသုတသောမ တောရရိပ်သာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၇/၂၀၂၂)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၄၀၀/ဘီ)၊ မြေကွက်အမှတ် (Plot-၂၆၁) ရှိ **သာသနာ့မြေဧရိယာ ၆.၇၃ ဧက** အနက် **မြေဧရိယာ**

**၀.၅၀၃ ဧက** အား **ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၄ နှင့်အညီ သာသနာ့မြေအဖြစ်မှ ပယ်ဖျက်ခွင့်ပြုလိုက်သည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

အမှတ် ၇။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၂ ဖြင့် **ဝန်ထမ်းတစ်ဦးအငြိမ်းစားယူရမည့် နေ့ရက်သည် ယင်းဝန်ထမ်းအသက် (၆၂) နှစ် ပြည့်သည့်နေ့ရက်ဖြစ်သည်** ဟု ပြင်ဆင်ခဲ့ခြင်းကြောင့် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနခွဲမှ အထွေထွေမန်နေဂျာ ဒေါ်ခင်ချိုဦး (ID-၀၀၀၁၆) အား မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၈ ရက်စွဲပါ ပြန်တမ်းအမှတ် (၁၉) ဖြင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှစ၍ သက်ပြည့်ပင်စင်ယူခွင့်ပြုခဲ့ခြင်းအား ဤပြန်တမ်းဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဝင်းနိုင်ဦး
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စီးပွားရေးဘဏ်

## မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

**ပြန်တမ်းအမှတ် (၃/၂၀၂၂-၂၀၂၃)**

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (LPR) ခံစားနေဆဲ နိုင်ငံ့ဝန်ထမ်းများအား နည်းဥပဒေနှင့်အညီ ပြန်လည်ခန့်အပ်ရန်ကိစ္စ**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အမိန့်ကြော်ငြာစာ (၁၆/၂၀၂၂) အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (LPR) ခံစားနေသည့် နိုင်ငံ့ဝန်ထမ်းများအနက်မှ ရာထူးနွယ်ရှိသူများအား ယခင်အငြိမ်းစားယူရန်ထုတ်ပြန်ထားသည့်အမိန့်ကို ပယ်ဖျက်၍ မူလရာထူးနေရာတွင် ဆက်လက်ခန့်အပ်တာဝန်ထမ်းဆောင်စေရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ပြန်တမ်းအမှတ် (၄/၂၀၂၁-၂၀၂၂) ဖြင့် ခွင့်ပြုခဲ့သော ဒေါ်ရီရီမာ (ဒုတိယအထွေထွေမန်နေဂျာ) ၏အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအနက် ပြန်လည်တာဝန်ထမ်းဆောင်သည့် (၂၀-၄-၂၀၂၂) နေ့မတိုင်မီ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့ထိ ကာလဖြစ်သော (၃) လနှင့် (၁၁) ရက်ကို လုပ်သက်ခွင့်အဖြစ်ခံစားစေပြီး၊ ပြန်တမ်းအမှတ်စဉ် (၄/၂၀၂၁-၂၀၂၂) အား (၂၀-၄-၂၀၂၂) ရက်နေ့မှစ၍ ဤပြန်တမ်းဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်တင်လှိုင်
အထွေထွေမန်နေဂျာ
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

အမှတ် ၄။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်စွဲပါ စာအမှတ်-၁/၀၂/၁၉၀ (က) (၈၀၅/၂၀၂၂) အရ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ဦးစီးမှူး (စက်မှု) များအား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ အမှန်တကယ်အလုပ်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်နှင့် မှတ်ပုံတင်အမှတ် | ရာထူးတိုးမြှင့်တာဝန်ချထားသည့်ရုံးအမည် |
|---|---|---|
| ၁ | ဦးသူရအောင်<br>၁၂/အစန (နိုင်) ၀၂၉၇၂၀ | အင်ဂျင်နီယာချုပ် (စက်မှု) ရုံး၊ စက်မှုဌာနခွဲ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်။ |
| ၂ | ဦးအောင်ကျော်မိုး<br>၈/ခမန (နိုင်) ၀၀၀၀၆၉ | လက်ထောက်ညွှန်ကြားရေးမှူး (၂) ရုံး၊ စက်မှုအလုပ်ရုံအဆင့် (ဂ)၊ စက်မှုတိုင်း (၂)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ငူမြို့။ |
| ၃ | ဦးကျော်အောင်<br>၉/ညဥန (နိုင်) ၀၆၀၆၃၃ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၈)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ မကွေးမြို့။ |
| ၄ | ဦးကျော်ကျော်ဆန်း<br>၉/မရမ (နိုင်) ၀၁၆၃၉၇ | ညွှန်ကြားရေးမှူးရုံး၊ စက်မှုတိုင်း (၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့။ |
| ၅ | ဦးကျော်စန်းဝေ<br>၉/စကန (နိုင်) ၀၄၅၉၈၅ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ မကွေးမြို့။ |
| ၆ | ဦးမြတ်မင်းဦး<br>၁၂/သလန (နိုင်) ၀၇၂၄၆၁ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၈)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ မကွေးမြို့။ |
| ၇ | ဦးမျိုးသူရ<br>၈/ခမန (နိုင်) ၀၀၆၆၁၇ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ မကွေးမြို့။ |
| ၈ | ဦးအောင်သာမိုး<br>၇/ပမန (နိုင်) ၁၁၂၇၇ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ရန်ကုန်မြို့။ |
| ၉ | ဦးအောင်ထွန်း<br>၁၂/သဃက (နိုင်) ၁၁၉၈၆၁ | ညွှန်ကြားရေးမှူးရုံး၊ စက်မှုတိုင်း (၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့။ |
| ၁၀ | ဦးအောင်ကျော်ဦး<br>၉/တကန (နိုင်) ၀၁၄၈၃၂ | လက်ထောက်ညွှန်ကြားရေးမှူး (၁) ရုံး၊ စက်မှုအလုပ်ရုံအဆင့် (ခ)၊ စက်မှုတိုင်း (၂)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ငူမြို့။ |

| စဉ် | အမည်နှင့် မှတ်ပုံတင်အမှတ် | ရာထူးတိုးမြှင့်တာဝန်ချထားသည့်ရုံးအမည် |
|---|---|---|
| ၁၁ | ဦးထွန်းထွန်းကျော်<br>၅/ခဥန (နိုင်) ၁၀၄၆၄၇ | လက်ထောက်ညွှန်ကြားရေးမှူး (၁) ရုံး၊ စက်မှုအလုပ်ရုံအဆင့် (ခ)၊ စက်မှုတိုင်း (၂)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ငူမြို့။ |
| ၁၂ | ဦးဘိုဘိုသန်း<br>၇/ဖမန (နိုင်) ၀၆၁၆၇၆ | လက်ထောက်ညွှန်ကြားရေးမှူး (၂) ရုံး၊ စက်မှုအလုပ်ရုံအဆင့် (ဂ)၊ စက်မှုတိုင်း (၂)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ငူမြို့။ |

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၃ ရက်)

အမှတ် ၅ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂) အရနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်-၁/၀၂/၁၉၀ (စ) (၁၁၆၇/၂၀၂၂) အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် LPR ခံစားနေဆဲ နိုင်ငံ့ဝန်ထမ်းများအား နည်းဥပဒေနှင့်အညီ ပြန်လည်ခန့်အပ်ရန်အတွက် အောက်ဖော်ပြပါ အရာထမ်းများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း သက်ပြည့်ပင်စင်ခံစားခွင့်ပြုထားသည့် ပြန်တမ်းများအား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်-

| စဉ် | အမည် | ရာထူး | ရုံးအမည် | ပြန်တမ်းစာအမှတ် |
|---|---|---|---|---|
| ၁ | ဒေါ်တိုးတိုးမော် | ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) | စီမံရေးရာဌာနခွဲ၊ ဆည်/ရေဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့။ | (၂၃-၁၂-၂၀၂၁) ရက်စွဲပါ စာအမှတ်- ၄၆၀၃/ ၁-၅၈၃ အမ (စီမံ-၂) |
| ၂ | ဦးချိုလေး | ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) | ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊ ဆည်/ရေဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့။ | (၂၂-၂-၂၀၂၂) ရက်စွဲပါ စာအမှတ်-၁၀၃၇/ ၁-၈၀၈ အမ (စီမံ-၂) |
| ၃ | ဦးဗွန်လွန်ဒါးလ် | ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) | ဒု-ညွှန်မှူးရုံး၊ ဆည်/ရေဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့။ | (၁၀-၃-၂၀၂၂) ရက်စွဲပါ စာအမှတ်-၁၄၃၅/ ၁-၇၀၉ အမ (စီမံ-၂) |
| ၄ | ဦးခင်မောင်ရင် (ခ) ကျော်သန်းထွန်း | ဦးစီးအရာရှိ (မြို့ပြ) | ဦး/ရှိရုံး၊ ဆည်/ရေဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့။ | (၃၁-၁-၂၀၂၂) ရက်စွဲပါ စာအမှတ်-၅၉၄/ ၁-၁၆၅၃ အမ (စီမံ-၂) |
| ၅ | ဦးထွန်းထွန်း | ဦးစီးအရာရှိ (ဓာတ်ခွဲ) | လ/ထညွှန်မှူး (ရေမြေကွန်ကရစ်) ရုံး၊ ITC ဌာနခွဲ၊ ဆည်/ရေဦးစီး ဌာန၊ ပုသိမ်ကြီးမြို့။ | (၄-၁-၂၀၂၂) ရက်စွဲပါ စာအမှတ်-၆၈၆/ ၁-၁၁၀၆ အမ (ဓာတ်ခွဲခန်း) (စီမံ-၂) |

ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ ဒေါ်တိုးတိုးမော် အနေဖြင့် ရန်ကုန်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ စီမံရေးရာဌာနခွဲတွင် ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) (၁) ဦး လူစားဖြည့်စွက်ခန့်ထားပြီးဖြစ်၍ နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲသို့ သွားရောက်သတင်းပို့တာဝန်ထမ်းဆောင်စေလိုက်သည်။

အထက်ပါအရာထမ်းများ လုပ်ငန်းတာဝန်ပြန်လည်ထမ်းဆောင်သည့်နေ့ရက်ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) သို့ တင်ပြရန်ဖြစ်ပါသည်။

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## ဆရာအတတ်ပညာဦးစီးဌာန

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

အမှတ် ၀၄၅။ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနမှ စာရင်းကိုင် (၂)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ဒေါ်ချိုသက်ဦး အား ဦးစီးအရာရှိ (ဘဏ္ဍာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၀၄၆။ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ဌာနများမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါဌာနများတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ဒေါ်ခင်မေသန်း | ဒုတိယဦးစီးမှူး (စီမံ) | ဦးစီးအရာရှိ (စီမံ) |
| ၂။ | ဦးခိုင်စည်မိုး | ဒုတိယဦးစီးမှူး (အရည်အသွေးမြှင့်တင်) | ဦးစီးအရာရှိ (အရည်အသွေးမြှင့်တင်) |
| ၃။ | ဒေါ်ဟန်နီငြိမ်းချမ်း | ဒုတိယဦးစီးမှူး (လေ့ကျင့်မွေးထုတ်) | ဦးစီးအရာရှိ (လေ့ကျင့်မွေးထုတ်) |
| ၄။ | ဒေါ်ဇင်မီဖြိုး | ဒုတိယဦးစီးမှူး (စီမံ) | ဦးစီးအရာရှိ (စီမံ) |

နှင်းကြည်
ညွှန်ကြားရေးမှူးချုပ်
ဆရာအတတ်ပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်-၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် (၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**LOI KHONE GENERAL TRADING CO., LTD**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၀ (က) နှင့်

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ

ကြွေးမြီကင်းရှင်းကြောင်းကြေညာချက်

၁။ ၂၀၂၂ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း၊ ဒါရိုက်တာများ (၃၁-၅-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော ကတိသစ္စာပြုလွှာ၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများနှင့်အညီ **LOI KHONE GENERAL TRADING CO., LTD** ရှိ အစုရှယ်ယာပိုင်ဆိုင်သူများမှာ မန်နေးဂျင်းဒါရိုက်တာ ဦးခမ်းခေါင်နှင့် ဒါရိုက်တာများဖြစ်ကြသော ဦးကိုင်ဖ၊ ဦးစိုင်းထွန်းမောင်၊ ဦးစိုင်းကီးခမ်း နှင့် ဦးထွန်းအောင် (ခ) စိုင်းဟောင်နွန်း တို့ပါဝင်ပြီး ကုမ္ပဏီကိစ္စအဝဝကို မိမိတို့အားလုံးက အပြည့်အဝ သိရှိလျက်ရှိကြောင်း။

၂။ **LOI KHONE GENERAL TRADING CO., LTD** သည် ကြွေးမြီကင်းရှင်းပြီး ပေးရန်ရှိသည်များကို ကုမ္ပဏီဖျက်သိမ်းပြီးလျှင် (၂) နှစ်အတွင်း အားလုံးပေးဆပ်နိုင်ကြောင်း ကြေညာလိုက်သည်။

Kham Khong
Managing Director
LOI KHONE GENERAL TRADING CO., LTD

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
LOI KHONE GENERAL TRADING CO., LTD (ဖျက်သိမ်းဆဲ)

## YANGON TYCOON LUBRICANTS CO., LTD

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၀ (က) နှင့်

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ

ကြွေးမြီကင်းရှင်းကြောင်းကြေညာချက်

၁။ ၂၀၂၂ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း၊ ဒါရိုက်တာများ (၃၁-၅-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော ကတိသစ္စာပြုလွှာ၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများနှင့်အညီ **YANGON TYCOON LUBRICANTS CO., LTD** ရှိ အစုရှယ်ယာပိုင်ဆိုင်သူများမှာ မန်နေးဂျင်းဒါရိုက်တာ ဒေါ်လဂျွန်ဂျာဆိုင်းအောင်နှင့် ဒါရိုက်တာများဖြစ်ကြသော ဦးလင်းထက်အောင်၊ ဦးယွပ်ဆင်ဝါးလီ (ခ) ယွပ်ဇော်ဇက်ထွဲဒူ တို့ သုံးဦးသာပါဝင်ပြီး ကုမ္ပဏီကိစ္စအဝဝကို မိမိတို့သုံးဦးက အပြည့်အဝသိရှိလျက်ရှိကြောင်း။

၂။ **YANGON TYCOON LUBRICANTS CO., LTD** သည် ကြွေးမြီကင်းရှင်းပြီး ပေးရန်ရှိသည်များကို ကုမ္ပဏီဖျက်သိမ်းပြီးလျှင် (၂) နှစ်အတွင်း အားလုံးပေးဆပ်နိုင်ကြောင်း ကြေညာလိုက်သည်။

LA JAWN JA SENG AUNG
MANAGING DIRECTOR
YANGON TYCOON LUBRICANTS CO., LTD

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YANGON TYCOON LUBRICANTS CO., LTD (ဖျက်သိမ်းဆဲ)

## EZ CONSTRUCTION CO., LTD

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၀ (က) နှင့်

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ

ကြွေးမြီကင်းရှင်းကြောင်းကြေညာချက်

၁။ ၂၀၂၂ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း၊ ဒါရိုက်တာများ (၃၁-၅-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော ကတိသစ္စာပြုလွှာ၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများနှင့်အညီ **EZ CONSTRUCTION CO., LTD** ရှိ အစုရှယ်ယာပိုင်ဆိုင်သူများမှာ မန်နေးဂျင်း ဒါရိုက်တာ ဦးအောင်ကျော်မိုးနှင့် ဒါရိုက်တာဖြစ်သူ Ni Ming တို့ပါဝင်ပြီး ကုမ္ပဏီကိစ္စအဝဝကို မိမိတို့ အားလုံးက အပြည့်အဝသိရှိလျက်ရှိကြောင်း။

၂။ **EZ CONSTRUCTION CO., LTD** သည် ကြွေးမြီကင်းရှင်းပြီး ပေးရန်ရှိသည်များကို ကုမ္ပဏီ ဖျက်သိမ်းပြီးလျှင် (၂) နှစ်အတွင်း အားလုံးပေးဆပ်နိုင်ကြောင်း ကြေညာလိုက်သည်။

U Aung Kyaw Moe
Managing Director
EZ CONSTRUCTION CO., LTD

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
EZ CONSTRUCTION CO., LTD (ဖျက်သိမ်းဆဲ)

## WORLD CLASS INFINITE CO., LTD

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၀ (က) နှင့်

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ

ကြွေးမြီကင်းရှင်းကြောင်းကြေညာချက်

၁။ ၂၀၂၂ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း၊ ဒါရိုက်တာများ (၃၁-၅-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော ကတိသစ္စာပြုလွှာ၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများနှင့်အညီ **WORLD CLASS INFINITE CO., LTD**ရှိအစုရှယ်ယာပိုင်ဆိုင်သူများမှာ မန်နေးဂျင်း ဒါရိုက်တာ ဒေါ်ကေသီခိုင်နှင့် ဒါရိုက်တာဖြစ်သူ Miss Thitaree Homchan တို့ပါဝင်ပြီး ကုမ္ပဏီကိစ္စအဝဝကို မိမိတို့အားလုံးက အပြည့်အဝသိရှိလျက်ရှိကြောင်း။

၂။ **WORLD CLASS INFINITE CO., LTD** သည် ကြွေးမြီကင်းရှင်းပြီး ပေးရန်ရှိသည်များကို ကုမ္ပဏီ ဖျက်သိမ်းပြီးလျှင် (၂) နှစ်အတွင်း အားလုံးပေးဆပ်နိုင်ကြောင်း ကြေညာလိုက်သည်။

Daw Kay Thi Khaing
Managing Director
WORLD CLASS INFINITE CO., LTD

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
WORLD CLASS INFINITE CO., LTD (ဖျက်သိမ်းဆဲ)

## NEW WORTH CO., LTD

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၀ (က) နှင့်

လူမွဲခံယူခြင်းဆိုင်ရာဥပဒေ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ အပြီးသတ်

နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ် နောက်ဆုံးအစည်းအဝေးကို (၃၁-၅-၂၀၂၂) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် အမှတ် - ၅၊ အခန်း - ၃၀၈၊ ဂိုးလ်ဒင်းပါရမီကွန်ဒို (တာဝါ-ဘီ)၊ ပါရမီလမ်းမကြီး၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအားအပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

Si Thu Hein
Managing Director
NEW WORTH CO., LTD

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
NEW WORTH CO., LTD (ဖျက်သိမ်းဆဲ)

**Coteck (Myanmar) Industry Company Limited**

Notice Under Section 208 (E) Myanmar Companies Act

(Members Voluntary Winding–up)

Invitation to Final Meeting

A Final meeting of **Coteck (Myanmar) Industry Company Limited** will be held on (10.7.2022), Plot – 152, Block–113, Dagon Myothit (East) City of Industry, Dagon Myothit (East) Township, Yangon Region, Myanmar–

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

U Zin Wai
B.Com., CPA
Liquidator

**Chan Chun Construction Co., Ltd**

Notice Under Section 208 (E) Myanmar Companies Act

(Members Voluntary Winding–up)

Invitation to Final Meeting

A Final meeting of **Chan Chun Construction Co., Ltd** will be held on (10.7.2022), No. 12 F, 7–A, 7th Floor, Phoe Sein Lane (1), Phoe Sein Road, Tarmwe Township, Yangon Region, Myanmar–

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

U Zin Wai
B.Com., CPA
Liquidator

ပ၊ ထ၊ န - အမှတ် ၅၇၅/ ၂၁/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၇၈၀/ ၁၀-၆-၂၀၂၂။